# ရောမမြို့၌ ပေါလု

YR C
NO. 14

အလွတ်ကျက်ရန်ကျမ်းချက်။ ။ ဖေက်သြဝါဒစာ ၆း၁၀၊ ၁၁

"ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရား
အားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အားဖြင့်၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့။
မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း၊ ဘုရားသခင်
ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။"



## တနင်္ဂနွေနေ့ ၊ ပေါလုကို အားပေးခြင်း (တမန်တော်ဝတ္ထု ၂၈း၁၄၊ ၁၅) ၁

အေးသောရာသီတွင် မေလိတေကျွန်း၌ အချိန်ကြာနေပြီးနောက်၊ ပေါလုနှင့် သူ့အပေါင်းအဖော်တို့သည် ပေါတယောလိမြို့သို့ သင်္ဘောဖြင့် ခေါ်ဆောင်ခြင်းခံခဲ့ကြ၏။ ပေါတယောလိမြို့သည် ဣတလိပြည်၏ ကမ်းခြေမြို့တစ်မြို့ဖြစ်သည်။ ရောမမြို့သို့ရောက်ရန် မိုင် ၁၄၀ ဝေးကွာသေး၏။ သို့သော် ပေါတယောလိမြို့၌ အဓိက ပင်လယ်ဆိပ်ကမ်းရှိ၏။ ထိုမြို့နှစ်မြို့သည် ကောင်းသောလမ်းဖြင့် ဆက်သွယ်ထားကြ၏။

ပေါတယောလိမြို့၌ နေထိုင်လျက်ရှိကြသော ယုံကြည်သူခရစ်ယာန်များသည် ပေါလုရောက်လာသည်ကို ကြားသိခဲ့ကြသောအခါ၊ သူတို့နှင့် နေထိုင်ဖို့ရန် ပေါလုအား တောင်းပန်လေ၏။ ထောင်သားများကို အုပ်သောတပ်မှူးယုလိသည် ပေါလုအပေါ် အလွန်ကြင်နာခဲ့ပြီး၊ တစ်ပတ်လုံးလုံး ထိုနေရာ၌ ခရစ်ယာန်များနှင့်အတူနေထိုင်ရန် ပေါလုအား ခွင့်ပြုပေးခဲ့လေ၏။ တမန်တော်ဝတ္ထု ၂၈း၁၄။

ထိုအချိန်အတောအတွင်းတွင်၊ ရောမမြို့၌ရှိကြသောယုံကြည်သူခရစ်ယာန်များသည် ပေါလု လမ်းခရီး၌ရောက်နေသည့် သတင်းကို ကြားသိခဲ့ကြ၏။ အချို့သောသူတို့သည် အခြားသောမြို့များမှ ရောမမြို့သို့ ပေါလုအားတွေ့ရန် ကြိုလာရောက်ခဲ့ကြ၏။ သူတို့သည် ပေါလု၏သာသနာပြုခြင်းအားဖြင့် ပြောင်းလဲခဲ့ကြသောသူများဖြစ်ပြီး၊ နေရာအသီးသီးမှာ နေထိုင်ကြသောသူများဖြစ်သည်။ အိုး၊ သူတို့သည် ပေါလုအား တဖန်ပြန်တွေ့ရန် အဘယ်မျှလောက်ဆန္ဒပြင်းပြနေကြမည်နည်း။ အချို့သောသူများသည် ပေါလုအား ကြိုဆိုတွေ့ဆုံဖို့ရန် လမ်းခုလတ်အထိတိုင် စောင့်နေကြ၏။

သို့သော် ပေါလုသည် စိတ်ဓာတ်ကျခြင်းဖြင့်သာ ရင်ဆိုင်ခဲ့ရ၏။ သူသည် ရောမမြို့သို့ ရောက်လုနီးပါး ဖြစ်ခဲ့၏။ နှစ်ပေါင်းများစွာကပင် ဤမြို့သို့ အလည်အပတ်သွားရန် သူမျှော်လင့်ခဲ့သည်။ သို့သော် ယခုအချိန်တွင် သူသည် အကျဉ်းသားတစ်ယောက်အဖြစ်နဲ့ သံကြိုးများဖြင့် ချည်နှောင်ခံခဲ့ရသည်။ ထို့ကြောင့် ယေရှုအတွက် အသုံးဝင်မည့်အရာများကို သူမည်သို့လုပ်နိုင်တော့မည်နည်း။ သူသည် စောဒက မတက်၊ ညည်းညူခြင်းမရှိဘဲ၊ မိုင်ပေါင်းစွာရှည်လျားသောခရီးကို လမ်းလျှောက်သွားခဲ့ရ၏။ သို့သော် ဝမ်းနည်းခံစားရပြီး၊ အကူအညီမဲ့ဖြစ်ခဲ့၏။

နောက်ဆုံးတွင်၊ သူတို့သည် ရောမမြို့မှ မိုင် ၄၀ အကွာသို့ရောက်ရှိခဲ့လေ၏။ သူတို့သည် လူအစုအဝေးများကို ဖြတ်၍လှည့်လည်သွားရစဉ်တွင်၊ များစွာသောသူတို့သည် ရာဇဝတ်သားများနှင့်အတူပါသော မီးခိုးရင့်ရောင်ဆံပင်ရှိသော လူအို(ပေါလု)ကို မထီမဲ့မြင်ပြုခဲ့ကြ၏။ သူတို့သည် ပေါလုအား ပျက်ရယ်ပြုသောစကားများကို ကြမ်းတမ်းစွာ ပြောဆိုခဲ့ကြ၏။ ထို့နောက် ပေါလုသည် ဝမ်းမြောက်သံ အသံတစ်သံကို ရုတ်တရက်ကြားခဲ့ရ၏။ ထိုအချိန်တွင် သူ၌ ခွန်အားတက်လာကြောင်းကို ခံစားရ၏။ "ပေါလု! အိုး၊ ပေါလု!"

ထိုအားပေးသံမှာ သခင်ယေရှုအတွက် ဝိညာဉ်များကို ရိတ်သိမ်းရရှိခဲ့သည့်မြို့တစ်မြို့မှ တစ်စုံတစ်ယောက်ဖြစ်ကြောင်းကို ပေါလုသည် ချက်ချင်း အသိအမှတ်ပြုခဲ့၏။ အကျဉ်းသားများနှင့် လူများတို့သည် မျက်ရည်ကျကြပြီး၊ ပျော်ရွှင်စွာပြန်လည် ဆုံဆည်းခဲ့ကြသည့်အဖြစ်ကို ကြည့်မြင်ကြစဉ်တွင် တပ်မှူးယုလိသည် ချီတက်ခြင်းကို ရပ်ခိုင်းလိုက်၏။ ထို့နောက် သူတို့သည် ဆက်လက် သွားခဲ့ကြလေ၏။

ထိုနည်းတူ ထပ်ခါထပ်ခါ၊ ဖြစ်ပျက်ခဲ့သည်နှင့်အမျှ လူများတို့သည် ပေါလုကို သတိပြုမိခဲ့ကြ၏။ သူတို့၏ အလွန်တန်ဖိုးကြီးသောဖခင်တစ်ယောက်ပမာ ပေါလုကို ပွေ့ဖက်ခဲ့ကြ၏။ ထိုတချိန်တည်းတွင်ပင်၊ တပ်မှူးယုလိသည် ချီတက်သွားခြင်းကို ရပ်တန့်လိုက်ပြီး ဝမ်းမြောက်စွာတွေ့ဆုံကြဖို့ရန် မိနစ်အနည်းငယ် ခွင့်ပြုခဲ့လေ၏။ ချီတက်သွားလာခြင်းပြီးဆုံးချိန်တွင်၊ ပေါလုမည်သို့ခံစားခဲ့ရသနည်း။ အငယ် ၁၅။

**လက်တွေ့ကျင့်သုံးရန်** - ထိုယုံကြည်သူများသည် ပေါလုအတွက် အလွန်မှပင် ကောင်းကြီးမင်္ဂလာဖြစ်စေခဲ့သည်။ သင်သိသော သူတစ်ယောက်က စိတ်ဓာတ်ကျနေလျှင်၊ သင်သည် သူ့အားအဘယ်သို့ အားပေးနိုင်မည်နည်း။

## တနင်္လာနေ့ ၊ ယုဒလူမျိုးများနှင့် တွေ့ဆုံမေးမြန်းခြင်း (တမန်တော်ဝတ္ထု ၂၈း၁၆-၂၉) ၂

ရောမမြို့သို့ ရောက်သောအခါ၊ တပ်မှူးယုလသည် ပေါလုနှင့် အခြားသောအကျဉ်းသားတို့ကို ကဲသာဘုရင်၏ကိုယ်ရံတော်မှူးထံ၌ အပ်ထားလေ၏။ ယုလသည် ပေါလုအကြောင်းနှင့်ပတ်သတ်၍ ကောင်းသောတင်ပြချက်တစ်ခုကို ပေးခဲ့၏။ ထို့အပြင် ကိုယ်ရံတော်မှူးသည်ပေါလုအကြောင်းရေးထားသော ဖေတ္တုမင်း၏စာစောင်ကိုလည်း လက်ခံလေ၏။ ထိုအကြောင်းကြောင့်၊ ကိုယ်ရံတော်မှူးသည် ပေါလုအား အကျဉ်းထောင်ထဲ မချခဲ့ချေ။ သို့သော် ထိုသို့ဖြစ်လင့်ကစား၊ မိမိပိုင်သောအိမ်ကို ငှား၍ နေထိုင်ရန် ခွင့်ပြုပေးခဲ့၏။

ခရစ်ယာန်အသက်တာ စည်းလုံးခြင်း၌ မိသားစုများသည် အဘယ်ကဲ့သို့အတူတကွအသက်ရှင်နိုင်ကြောင်း အလွန်ကောင်းသော သွန်သင်ချက်ဖြစ်ပါသည်။ သို့သော် ထိုနည်းလမ်းအတိုင်း အသက်ရှင်နေထိုင်ရန်မှာ မလွယ်ကူကြောင်းကို ကျွန်ုပ်တို့အားလုံး သိသည်။ တစ်ခါတရံ ကျွန်ုပ်တို့အသက်ရှင်သင့်သည့်နည်းလမ်းအတိုင်း အသက်ရှင်ခြင်းသည် တိုက်ပွဲကို တိုက်ရခြင်းနှင့်တူပေသည်။ ပေါလုလည်းပဲ ၎င်းအကြောင်းကို သိနားလည်ခဲ့၏။ သူသိသည်မှာ ကျွန်ုပ်တို့၏တိုက်ခိုက်ခြင်းသည် အခြားသောသူများကို မဟုတ်ပေ၊ ကျွန်ုပ်တို့ တိုက်ရမည့်သူမှာ စာတန်ကိုယ်တိုင်ကို တိုက်ရမည်ဖြစ်သည်။ အငယ် ၁၂။



ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားဖြင့် စာတန်ကို မနိုင်မှာ သေချာပါသည်။ ထို့ကြောင့် ပေါလုသည် ကျွန်ုပ်တို့အား ပြောထားသည်မှာ အောင်မြင်ဖို့ရန် ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ရမည်ဖြစ်သည်။ အငယ် ၁၃-၁၈ ကို သေချာဖတ်ရှုပါ။ လက်နက်တစ်ခုစီ၏ အစိတ်အပိုင်းတိုင်းသည် စာတန်အား အောင်နိုင်ရန် ကျွန်ုပ်တို့ကို အဘယ်သို့ကူညီပေးကြောင်းကို ဆင်ခြင်ပါ။

**လက်တွေ့ကျင့်သုံးရန်** - ဘုရားသခင်သည် သူ၏လက်နက်စုံကို သင့်အား မဝတ်ပေးနိုင်ချေ။ သင်ကိုယ်တိုင် ၎င်းလက်နက်စုံကို ရွေးချယ်ဝတ်ဆင်ရမည်ဖြစ်သည်။ အငယ် ၁၃။ သင်သည် နေ့စဉ်နေ့တိုင်း ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ရန် ရှာဖွေရွေးချယ်နေပါသလား။

## သောကြာနေ့ ၊ ကောလောသဲသြဝါဒစာ ၄

ပေါလုသည် ရောမ၌ရှိနေစဉ်ခါ၊ ကောလောသဲမြို့၌ရှိသောအသင်းတော်သို့ရေးသားသည့်စာတစ်စောင်ဖြစ်သော ကောလောသဲသြဝါဒစာကိုလည်း ရေးသားခဲ့၏။ ဤစာစောင်သည် အာရှမိုင်းနားတွင်ရှိသော အသင်းတော်များသို့ တုခိတ်နှင့်အတူ ပေါလုပို့ပေးခဲ့သော အခြားသောစာစောင်ဖြစ်၏။ (ကောလောသဲသြဝါဒစာ ၄း၇-၉) ကောလောသဲသြဝါဒစာသည် ဖိလေမုန်သြဝါဒစာနှင့် ဖေက်သြဝါဒစာတို့နှင့်အတူ တချိန်တည်းတွင် ရေးသားသည်မှာ သေချာပါသည်။

ဤစာစောင်ထဲတွင် ပေါလုသည် "ဘုရားသခင်၏ နက်နဲသောအရာ" ဟုခေါ်သော တစ်စုံတစ်ရာအကြောင်းနှင့်ပတ်သတ်၍ ပြောထားခဲ့၏။ ထိုနက်နဲသောအရာအကြောင်း ပေါလုပြောဆိုသည်မှာ အလွန်အချိန်ကြာညောင်းစွာ လျှို့ဝှက်ဖုံးကွယ်ထားသောအရာများအကြောင်း ဖြစ်သည်။ သို့သော် ယခုအချိန်၌ ၎င်းသည် အချိန်အကြာကြီး ဖုံးကွယ်သောလျှို့ဝှက်ချက်တစ်ခု မဟုတ်တော့ပေ။ ၎င်းသည် ဘယ်အရာနည်း။ ပေါလုပြောထားသည်မှာ ၎င်းသည် "ဘုန်းအသရေကို မြော်လင့်ခြင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်" ဖြစ်သည်။ ကောလောသဲသြဝါဒစာ ၁း၂၆၊ ၂၇၊ တိမောသေသြဝါဒစာပထမစောင် ၃း၁၆။

ထို့ကြောင့် "ဘုရားသခင်၏နက်နဲအရာ၏" အမှန်မှာ ပေါလုဟောပြောခဲ့သည့်ကယ်တင်ခြင်းစီမံကိန်းအကြောင်းဖြစ်သော ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်း စကားဖြစ်၏။ ဘုရားသခင်၏သားတော်သည် ဤလောကသို့ကြွလာဖို့ရန် အလိုဆန္ဒသည် ကျွန်ုပ်တို့အား နက်နဲသောအရာတစ်ခုဖြစ်ခဲ့၏။ ထို့အပြင် သူသည် လူ့ဇာတိအဖြစ် အဘယ်သို့လာခဲ့ပြီး၊ ထို့နောက် ကျွန်ုပ်တို့၏ အပြစ်များအတွက် အဘယ်သို့ အသေခံလိမ့်မည်ဟူသောအကြောင်းမှာ လျှို့ဝှက်နက်နဲသောအရာတစ်ခုဖြစ်ခဲ့၏။ တနည်းအားဖြင့် ဤနက်နဲသောအရာ၏ အလွန်အံ့သြဖွယ်ကောင်းသော အခန်းကဏ္ဍမှာ ဘုရားသခင်သည် အပြစ်နှင့်ပြည့်ဝနေသောလူသားများအား အဘယ်မျှလောက် ဂရုစိုက်ကြောင်း၊ သန့်ရှင်းဖြောင့်မတ်သောသူများဖြစ်အောင်လုပ်ဆောင်နိုင်ပါသည်၊ ထို့နောက် သူ၏နိုင်ငံတော်၌ ထာဝရနေထိုင်ဖို့ရန် လုပ်ဆောင်ပေးနေခြင်းဖြစ်၏။ အဘယ်သို့ပင်ဖြစ်စေကာမူ၊ ဘုရားသခင်ကို ကျေးဇူးတင်ပါ။ ၎င်းသည် အမှန်တရား ဖြစ်ပါသည်။

ထို့နောက် ပေါလုသည် အဘယ်ကဲ့သို့ဖြစ်ပျက်ခဲ့သည့် အကြောင်းကို ပြောပြခဲ့လေ၏။ ကျွန်ုပ်တို့သည် အထက်အရာတို့ကိုသာ စိတ်စွဲမှတ်ထားသင့်သည်။ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်းနှင့် ညစ်ညူးသောဘာသာစကားများအားဖြင့် အသက်ရှင်နေထိုင်ခဲ့သော နည်းလမ်းဟောင်း၊ အသက်တာဟောင်းကို သင်္ဂြိုလ်ဖို့ရန် မိမိကိုယ်တိုင်စဉ်းစားဆုံးဖြတ်သင့်သည်။ထို့နောက် ဘုရားသခင်၏ အသက်ရှင်သောနည်းလမ်းအတိုင်း တကိုယ်ကောင်းမဆန်ခြင်း၊ သည်းခံခြင်းနှင့် ဖြူစင်သောစကားများပြောဆိုခြင်းစသောအရာများဖြင့် အသက်ရှင်သင့်ပေသည်။ ကောလောသဲသြဝါဒစာ ၃း၁-၁၆။



Betty Lukens Felts

သူတို့၏အသက်တာထဲ၌ ဘုရားသခင် အလုပ်လုပ်ဆောင်ရန် ဖိတ်ခေါ်သောသူများအတွက် ဘုရားသခင်ပေးမည့်ကောင်းချီး မင်္ဂလာများသည် အကန့်အသတ်မရှိပေ။ ပေါလုပြောထားသည်မှာ ကျွန်ုပ်တို့သည် အရာရာ၌ နှစ်သက်ကျေနပ်စေခြင်းငှါ ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကို သီးခြင်းဖြင့် ဘုရားသခင်ကို သိသောဉာဏ်တိုးပွားစေမည်ဖြစ်၏။ ထို့အပြင် ဝမ်းမြောက်သောစိတ်ဖြင့် အရာရာ၌စိတ်ရှည်သည်းခံခြင်းအလို့ငှါ ဘုရားသခင်၏ ဘုန်းကြီးသော တန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံမည်ဖြစ်ပါသည်။ ကောလောသဲသြဝါဒစာ ၁း၁၀၊ ၁၁။

**လက်တွေ့ကျင့်သုံးရန်** - သင်တို့၏အသက်တာ၌ "ဘုရားသခင်၏နက်နဲသောအရာ" ကို တွေ့ကြုံခံစားနေပါသလား။ သင့်အသက်တာကိုပြောင်းလဲပေးရန် ဘုရားသခင်ကို ခွင့်ပြုပါသလား သို့မဟုတ် သင့်အသက်တာ၌ ဘုရားသခင်အား အဘယ်မျှလောက် လုပ်ဆောင်ပေးရန်သာ အကန့်အသတ်ထားပါသလား။ သင်သည် ဘာကြောင့် အထက်အရာကို မတွေ့မြင်သနည်း။ အဘယ်ကြောင့် သင့်အသက်တာတစ်ခုလုံးကို ထိန်းချုပ်ပေးရန် သင့်အခွင့်မပေးသနည်း။ ဘုရားသခင်သည် သင့်အား ကောင်းသောသူတစ်ယောက်၊ တန်ဖိုးရှိသောသူတစ်ယောက်ဖြစ်ရန် အလိုရှိသည်။ ထိုအရာကို လုပ်ဆောင်နိုင်ဖို့ရန် သူသည် သူ၏အသက်ကို ပေးခဲ့ပြီးဖြစ်သည်။

© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

စစ်သားတစ်ယောက်သည် ပေါလုအား အချိန်မရွေး ဖမ်းနိုင်မည်ဖြစ်သည်။ သို့သော် အဘယ်သူမဆို သူ့ထံလာလည်ပတ်နိုင်ပြီး သူ၏ အိမ်မှ လွတ်လပ်စွာ လုပ်ကိုင်ခွင့်လည်း ရဦးမှာဖြစ်သည်။

ပုံမှန်အားဖြင့်၊ ပေါလုသည် သခင်ယေရှုအကြောင်းဧဝံဂေလိသတင်းစကားကို ယုဒလူမျိုးများအား ပထမဦးစွာ ပြောပြချင်ခဲ့၏။ တရားဇရပ်သို့ မသွားနိုင်၊ စကားမပြောနိုင်ပေမည့်၊ သူသည် ရောမမြို့၌ ဦးဆောင်နေသောယုဒလူမျိုးများကို သူ့အိမ်သို့လာရောက်ရန် ခေါ်ဖိတ်ခဲ့၏။



သူသည် အကျဉ်းသားတစ်ယောက်ဖြစ်နေပေမည့်၊ ပေါလုသည် သူတို့၌ သူ့အကြောင်းနှင့်ပတ်သက်၍ နားလည်မှုလွဲသောအရာများကို ပထမဆုံး ရှင်းလင်းစေချင်ခဲ့သည်။ သူသည် ရာဇဝတ်မှုးကျူးလွန်သူမဟုတ်ကြောင်းကို သူပြောပြခဲ့၏။ ထိုသို့ဖြစ်လင့်ကစား၊ ရောမစစ်သားများသည် သူ့မှာ အပြစ်မရှိကြောင်း တွေ့သော်လည်း၊ ယုဒလူမျိုးများသည် ပေါလုအား လွတ်မြောက်ရန် ခွင့်မပြုခဲ့ချေ။ ထို့ကြောင့်၊ ပေါလုအား ကဲသာဘုရင်ထံ အယူတော်ခံရန် တွန်းအားပေးခဲ့ကြ၏။ ကဲသာဘုရင်၏ "ရာဇဝတ်သင့်မှု" မှာ သခင်ယေရှုကို မိမိ၏မေရှိယသခင်အဖြစ်ယုံကြည်လက်ခံခြင်းဖြစ်သည်။ ၎င်းအချက်ကို ယုဒကျမ်းစာ၌ ရှင်းလင်းစွာ ကြိုတင်ပြောထားခဲ့၏။ တမန်တော်ဝတ္ထု ၂၈း၁၇-၂၀။

သူတို့၏တုန့်ပြန်မှု၌ ယုဒခေါင်းဆောင်များသည် ပေါလုအား စွပ်စွဲသောအချက်တစ်စုံတစ်ခုကိုမျှ သူတို့ မကြားဖူးသေးကြောင်း ပြောခဲ့ကြ၏။ သူတို့သည် ပေါလုအား ယေရှုခရစ်တော်နှင့်ပတ်သတ်၍ သူယုံကြည်ခဲ့သောအရာများကို ပြောပြမည်လားဟု မေးမြန်းခဲ့၏။

ချိန်းထားသောအချိန်၌၊ ယုဒလူအများတို့သည် ပေါလုအိမ်သို့ ရောက်လာကြပြီး၊ ပေါလုသည် သူတို့အား တစ်နေ့လုံး စကားပြောခဲ့လေ၏။ ပေါလုသည် သူ၏ကိုယ်ပိုင်သက်သေခံချက်ကို ဝေငှခဲ့ပြီး၊ ယေရှုသည် မေရှိယဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းများမှ ဖော်ပြသော မေရှိယဖြစ်ကြောင်းကိုလည်း ပြသခဲ့၏။ အချို့တို့သည် ပေါလုပြောသောအရာကို ယုံကြည်လက်ခံခဲ့ကြ၏။ သို့သော် အများသောသူတို့သည် ပေါလုပြောသောစကားသည် မှန်ကြောင်းယုံကြည်ခဲ့ကြသော်လည်း၊ ယေရှုခရစ်တော်ကို ယုံကြည်လက်မခံခဲ့ကြပေ။ အဘယ်မျှလောက် ဝမ်းနည်းဖွယ်ရာနည်း။ သူတို့အား ပေါလုသည် နောက်ဆုံးပြောသော စကားများမှာ အဘယ်နည်း။ အငယ် ၂၅-၂၈။

**လက်တွေ့ကျင့်သုံးရန်** - ထိုယုဒလူမျိုးများသည် ထိုကဲ့သို့ရှင်းလင်းသောသက်သေအထောက်အထားကို မည်သို့ငြင်းပယ်နိုင်ခဲ့ကြောင်း ကျွန်ုပ်တို့ အံ့သြကောင်း အံ့သြလိမ့်မည်ဖြစ်သည်။ သို့သော် တစ်စုံတစ်ခုက မှန်ကြောင်းကို သိရှိသော်လည်း၊ ယုံကြည်နားထောင်လက်ခံဖို့ရန် မရွေးချယ်သေးဘဲ ရှိနေဖူးသလား။ ထိုသို့ပြုလုပ်ပါက၊ သူတို့လုပ်ခဲ့သောအရာနှင့် မတူညီပေဘူးလား။

## အင်္ဂါနေ့ ၊ ရောမမြို့မှ လုပ်ဆောင်ခြင်း (တမန်တော်ဝတ္ထု ၂၈း၃၀၊ ၃၁) ၃

ယုဒလူမျိုးများသည် ကဲသာဘုရင်ရှေ့တွင် ပေါလုအားစွပ်စွဲရန် ရောမမြို့သို့ အလျန်အမြန် မလာခဲ့ကြချေ။ လုတိ (ယေရုရှလင်၌ စစ်သူကြီး)၊ ဖေလဇ်မင်း၊ ဖေတ္တုမင်းနှင့် အဂြိပ္ပမင်းတို့ အားလုံးသည် ပေါလု၌ မည်သည့်အပြစ်မျှမရှိကြောင်း၊ မပြုလုပ်ကြောင်း ပြောခဲ့ကြ၏။ ယုဒလူမျိုးတို့အတွက် နောက်ဆုံးအခွင့်အရေးမှာ ကဲသာဘုရင်အား ပေါလုကို ပြစ်ဒဏ်ချပေးရန် တောင်းဆိုခြင်းသာဖြစ်သည်။ ပရိယာယ်ဖြင့်လှည့်စားခြင်းနည်းလမ်းတစ်ခုသာ သူတို့၌ရှိ၏။ အချိန်ကြာမြင့်စွာ နှောင့်နှေးလုပ်ဆောင်သောကြောင့် သူတို့၏ အစီအစဉ်များ ပြည့်စုံရန် အချိန်ကို သူတို့ရရှိမည်ဖြစ်သည်။



သို့သော်ဘုရားသခင်သည်ထိုအချိန်နှောင်းဆိုင်းခြင်းကို ကောင်းကြီးမင်္ဂလာအဖြစ်ပြောင်းလဲပေးခဲ့၏။ ပေါလုသည် သူ၏အိမ်မှ မထွက်သွားနိုင်သော်လည်း သူ့ထံလည်ပတ်သူများအားလုံးအား ယေရှုအကြောင်းနှင့်ပတ်သတ်သော ဝမ်းမြောက်စရာဧဝံဂေလိသတင်းစကားကို ဆက်လက်ပြောပြနိုင်ခဲ့၏။ ထိုအချိန်တုန်းက ရောမကေရာဇ် သို့မဟုတ် ကဲသာဘုရင်အချိန်သည် အလွန်ဆိုးညစ်သော နီရိုး (နီရိုး၏အနက်မှာ ရက်စက်ကြမ်းကြုတ်သော ရောမကေရာဇ်) တစ်ယောက်ဖြစ်သည်။ သို့သော် ပေါလု၏ သက်သေခံခြင်းကြောင့် နီရိုး၏အိမ်ထောင်စုနှင့်အတူ အချို့တို့သည် ခရစ်ယာန်ဖြစ်လာခဲ့ကြလေ၏။ ဖိလိပ္ပိဩဝါဒစာ ၄း၂၂။ ပေါလုသည် သူ၌ဖြစ်ပျက်ခဲ့သောအရာသည် ကောင်းချီးတစ်ခုအ ဖြစ်သို့ပြောင်းလဲကြောင်းကို ရိုးသားစွာ ပြောပြနိုင်ခဲ့သည်။ ဖိလိပ္ပိဩဝါဒစာ ၁း၁၂။

ပေါလုသည် သူအစပြုခဲ့သောအသင်းတော်များထံ ကိုယ်တိုင်သွားရောက်မလည်ပတ်နိုင်ခဲ့သော်လည်း စာစောင်များကို ရေးပို့ခဲ့၏။ ထိုအချိန်၌ သူရေးသားသော စာစောင်များမှာ ကျွန်ုပ်တို့၏ကျမ်းစာအုပ်၌ရှိသော ဧဖက်ဩဝါဒစာ၊ ဖိလိပ္ပိဩဝါဒစာ၊ ကောလောသဲဩဝါဒစာနှင့် ဖိလေမုန်ဩဝါဒစာ တို့ဖြစ်သည်။ ထိုစာစောင်လေးစောင်ကို ဤအပတ်နှင့် နောက်လာမည့်အပတ်စဉ်များတွင် ကျွန်ုပ်တို့ လေ့လာကြရမည်ဖြစ်သည်။

ထိုစာစောင်များသည် အသင်းတော်များအား ကြီးမားသောကောင်းကြီးဖြစ်စေခဲ့၏။ ယုံကြည်သူများသည် သူတို့အတွက် ပေါလုလုပ်ဆောင်ပေးသောအရာအလုံးစုံကို အပြည့်အဝအသိအမှတ်မပြုခဲ့ကြချေ။ ယခုအချိန်တွင် သူတို့ထံ ဘယ်နည်းနဲ့မျှအလည်အပတ်မပြုနိုင်ခဲ့ပေ။ ထိုအချိန်ရောက်မှ ပေါလုအစပြုပေးခဲ့သောအလုပ်ကို ဆက်လက်လုပ်ဆောင်ရန် သူတို့တွင် အကူအညီအဘယ်မျှလိုအပ်ကြောင်းကို သဘောပေါက်နားလည်လာခဲ့ကြလေ၏။ ယခုအချိန်တွင် သူတို့ထံ ပေါလု ရေးပို့သောအကြံပေးစာစောင်ကို အလွန်လေးနက်စွာ တန်ဖိုးထားကြတော့၏။

ပေါလုသည် သူသင်ကြားပေးခဲ့သောသာသနာအမှုဆောင်များနှင့် ခရီးစဉ်များကိုလည်း ညွှန်ကြားပေးခဲ့၏။ သူတို့အားဖြင့် ပေါလုသည် သူအစပြုခဲ့သောအသင်းတော်များကို အားပေးတိုက်တွန်းနိုင်ခဲ့ပြီး၊ အသစ်သောဒေသများ၌လည်း အမှုတော်လုပ်ငန်းကို အစပြုနိုင်ခဲ့လေ၏။ ထို့နောက် ပေါလုသည် သူ့အိမ်၌ နော က်ထပ်နှစ်နှစ် အချိန်ကုန်ခဲ့ပြီး၊ သူလုပ်နိုင်သည့်နည်းလမ်းဖြင့် နည်းလမ်းပေါင်းများစုံ၌ ယေရှုအကြောင်းနှင့်ပတ်သတ်သောဧဝံဂေလိသတင်းစကားကို ကျယ်ပြန့်စေရန် ဆက်လက်လုပ်ဆောင်ခဲ့လေ၏။ တမန်တော်ဝတ္ထု ၂၈း၃၀၊ ၃၁။

**လက်တွေ့ကျင့်သုံးရန်** - ရောမမြို့၌ ပေါလု၏အမှုတော်လုပ်ငန်းကို ဘုရားသခင်သည် အဘယ်မျှလောက်ကောင်းချီးပေးခဲ့သနည်း။ ကျွန်ုပ်တို့သည် အဘယ်အခြေအနေဖြစ်ဖြစ် အမြဲတမ်းအကောင်းဆုံးလုပ်ပါက၊ ထို့အတူ ဘုရားသခင်သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်ကိုလည်းပဲ လုပ်ဆောင်ချက်ကိုလည်းပဲ ကောင်းချီးပေးမည်ဖြစ်သည်။

## ဗုဒ္ဓဟူးနေ့ ၊ ဝရမ်းပြေးကျွန်တစ်ယောက်၏ ပြောင်းလဲခြင်း (ဖိလေမုန်ဩဝါဒစာ) ၄

ဩနေသိမ်သည် ရောမမြို့၌ပေါလု၏သာသနာလုပ်ငန်းကြောင့် မိမိ၏စိတ်နှလုံးသားကို ဘုရားသခင်အား ပေးအပ်နှံသူတစ်ယောက်ဖြစ်လာခဲ့သည်။ သူသည် ကျွန်တစ်ယောက်ဖြစ်ပြီး သူ၏သခင်ထံမှ တစ်စုံတစ်ခုကို ခိုးယူ၍ ရောမမြို့သို့ ထွက်ပြေးလာသူဖြစ်၏။ သူသည် ပေါလုကို အဘယ်သို့တွေ့ရှိခဲ့ကြောင်း ကျွန်ုပ်တို့မသိရှိပါ။ သို့သော် ပေါလုသည် သူနှင့်တွေ့ဆုံသောအခါ၊ ပေါလုသည် သူ့အား ပထမဆုံးငွေကြေးကူညီပေးခဲ့ပြီးနောက် ယေရှုအကြောင်း ဧဝံဂေလိသတင်းစကားကို ပြောပြခဲ့လေ၏။



ထိုအချိန်၌၊ ဩနေသိမ်သည် ပြောင်းလဲလာပြီး၊ ယေရှုခရစ်တော်၌ ယုံကြည်သူတစ်ယောက်ဖြစ်လာခဲ့၏။ ထို့နောက် သူသည် ပေါလု၏ အားကိုးရသောအကူအညီပေးသူတစ်ယောက်ဖြစ်လာခဲ့သည်။ သို့သော် သူသည် ဝရမ်းပြေး ကျွန်တစ်ယောက်ဖြစ်နေဆဲဖြစ်၏။ ခရစ်ယာန်တစ်ယောက်ဖြစ်သည့်အလျောက်၊ ယခုအချိန်တွင် သူ့မှာ သူ့သခင်နှင့် အကြောင်းမှန်ကို လုပ်ဆောင်ရန်တာဝန် ရှိလာခဲ့သည်။ ၎င်းသည် လွယ်သောကိစ္စမဟုတ်ပေ။ သခင်တို့သည် မကြာခဏ သူတို့၏ကျွန်များကို အလွန်ကြမ်းတမ်းစွာ ပြုမူလေ့ရှိ၏။ ကျွန်များသည် ထွက်ပြေးပါက အသတ်ခံရသည့်အထိ ရှိသည်။

ဩနေသိမ်၏သခင်မှာ ဖိလေမုန် အမည်ရှိသောသူဖြစ်၏။ သူသည် ကောလောသဲမြို့၌နေထိုင်သော ခရစ်ယာန်တစ်ဦးဖြစ်၏။ ခရစ်ယာန်တစ်ဦးတွင် ကျွန်တစ်ယောက်ပိုင်ဆိုင်ထားသည်မှာ ထူးဆန်းပုံရပါသည်။ အဘယ်သို့ဖြစ်စေကာမူ၊ ထိုအချိန်တွင် ကျွန်ုပ်တို့အမှတ်ရသင့်သည်မှာ ကျွန်စနစ်သည် ရောမလူ့ဘောင်တွင် အလွန်အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပေါလုသည် ထိုကျွန်စနစ်ကို တိုက်ရိုက်မတိုက်ခိုက်ရန် ပညာရှိစွာ လုပ်ဆောင်ခဲ့၏။ သို့သော် သူသည် ကျွန်စနစ်ကို အဆုံးသတ်စေမည့်မူများကို သင်ကြားပေးခဲ့၏။

ပေါလုသည် အမျိုးမျိုးသောအသင်းတော်များအတွက် စာစောင်များနှင့်အတူ တုခိတ်ကို အာရှမိုင်းနားသို့ စေလွှတ်ရန်စီစဉ်ခဲ့၏။ ကောလောသဲမြို့သည် နေရာဒေသတူသောကြောင့် ဩနေသိမ်ကိုလည်း တုခိတ်နှင့်အတူ စေလွှတ်လေ၏။ (ကောလေသဲဩဝါဒစာ ၄း၇-၉)။ ပေါလုသည် ဖိလေမုန်အတွက် စာတစ်စောင်ကိုလည်း ဩနေသိမ်ကို ပေးလိုက်၏။ ထိုစာစောင်ထဲ၌၊ ပေါလုသည် ဖိလေမုန်အား ဩနေသိမ်ကို ခရစ်ယာန်ညီအစ်ကိုတစ်ယောက်ကဲ့သို့ လက်ခံပေးရန် တောင်းပန်ခဲ့သည်။ ထို့အပြင် သူသည် ဖိလေမုန်အား ဩနေသိမ်အကြွေးတင်မည့်ကြွေးမြီးအတွက် ပုဂ္ဂိုလ်ရေးအရာ တာဝန်ယူရန် ကမ်းလှမ်းခဲ့၏။ စာစောင်ကို သင်ကျမ်းစာအုပ်၌ရှာဖွေပါ။ထိုကျမ်းစာကိုဖတ်ရှုရန် အချိန်ပေးလိုက်ပါ။ ၎င်းကို ဖိလေမုန်ဩဝါဒစာဟုခေါ်သည်။ ဖိလေမုန်ဩဝါဒစာ ၁-၂၅။

ခရစ်ယာန်များ၏ အလွန်ကောင်းမြတ်သောလိမ္မာပါးနပ်မှုနှင့် ယဉ်ကျေးမှု ဥပမာပေနည်း။ ပေါလုသည် ဩနေသိမ်အား ဖိလေမုန်ကို လက်ခံရန် မတောင်းဆိုခဲ့ပေ။ ထိုသို့အစား၊ သူသည် ထိုသို့လုပ်ဆောင်ရန် ကြင်နာသနားစွာ ခွင့်တောင်းခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်** - တစ်စုံတစ်ယောက်ကို သင့်အတွက်တစ်ခုခုလုပ်စေလိုပါက၊ ၎င်းတို့ကို ပြုလုပ်ရန် သင်တောင်းဆိုပါသလား သို့မဟုတ် သင်ကြင်နာစွာနှင့် ယဉ်ကျေးစွာ ခွင့်တောင်းခဲ့သလား။ သုတ္တံကျမ်း ၁၅း၁။

## ကြာသပတေးနေ့ ၊ ဧဖက်ဩဝါဒစာ ၅

ပေါလုသည် ရောမမြို့၌ရှိစဉ်အခါ ရေးသားသော နောက်ထပ်စာတစ်စောင်မှာ ဧဖက်ဩဝါဒစာစောင်ဖြစ်သည်။ သေချာသည်မှာ ဤစာစောင်သည် အာရှမိုင်းနား၌ရှိသော အသင်းတော်များအတွက် ပေါလုထံမှ တုခိတ် သယ်ယူလာပေးသော စာစောင်များထဲမှ တစ်စောင်အပါအဝင်ဖြစ်၏။ (ဧဖက်ဩဝါဒစာ ၆း၂၁) ထို့ကြောင့် ဧဖက်ဩဝါဒစာသည် ဖိလေမုန်ထံရေးသားသောစာစောင်နှင့် တချိန်တည်းတွင် ရေးသားသောစာစောင်ဖြစ်ကြောင်း သေချာပါသည်။



ဤစာစောင်ထဲ၌၊ ပေါလုသည် ခရစ်ယာန်စည်းလုံးညီညွတ်ခြင်းအတွက် အတူတကွကြိုးစားလုပ်ဆောင်ကြရန် ယုံကြည်သူများအား အလေးအနက်တောင်းဆိုခဲ့သည်။ ဤသည် တစ်ဦးချင်းစီက အခြားသောအသင်းဝင်များအပေါ် တစ်ကိုယ်ကောင်းမဆန်ခြင်းနှင့် စိတ်ရှည်ခြင်းများရှိမှသာ ဖြစ်နိုင်သည်။ ဧဖက်ဩဝါဒစာ ၄း၁၊ ၂။

လူ့ခန္ဓာကိုယ်သည် အသင်းတော်သည် အဘယ်သို့စည်းလုံးသင့်ကြောင်းအတွက် ကောင်းသောသက်သေဥပမာဖြစ်သည်။ ခြေ၊ နှလုံး၊ မျက်စိ၊ အစာအိမ်နှင့် အခြားအားလုံးတို့သည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းဖြစ်ပြီး၊ ၎င်းတို့အားလုံးသည် ပြီးပြည့်စုံသောခန္ဓာကိုယ် တစ်ခုလုံးဖြစ်ဖို့အတွက် အတူနားပြီး၊ အတူအလုပ်လုပ်ဆောင်ရသည်။ ထိုနည်းတူ၊ ဘုရားသခင်သည် အသင်းသူအသင်းသားတိုင်းအား မတူညီသော ဆုကျေးဇူးများပေးသောကြောင့် အားလုံးသည် အတူတကွ လိုက်လျောညီထွေစွာ လုပ်ဆောင်ဖို့ရန်ဖြစ်သည်။ အငယ် ၁၁-၁၃။

ထို့နောက်၊ ပေါလုသည် အိမ်၌လည်း စည်းလုံးရန် စည်းလုံးခြင်းအတွက် အခြေခံသဘောတရားများကို အဘယ်သို့လုပ်ဆောင်ဖို့ရန်လည်း လမ်းညွှန်ပြသခဲ့၏။ မိန်းမများသည် သူတို့၏ခင်ပွန်းများအား အပ်နှံရမည်၊ ထို့အတူ ယောကျ်ားများသည်လည်း သူတို့၏ မိန်းမများကို ယေရှုခရစ်တော်သည် အသင်းတော်ကို ချစ်သည်နည်းတူ ချစ်ရမည်ဖြစ်သည်။ ဧဖက်ဩဝါဒစာ ၅း၂၂-၃၃။ သားသမီးများသည် သူတို့၏ မိဘများစကားကို နားထောင်ရမည်၊ မိဘများသည်လည်း သူတို့၏သားသမီးများကို စိတ်ဆိုးရန် မပြုလုပ်သင့်ပေ။ ဧဖက်ဩဝါဒစာ ၆း၁-၄။ ကျွန်များသည် နားထောင်နာခံမှုရှိရမည်၊ အလုပ်ကို ကောင်းစွာလုပ်ရမည်၊ သခင်တို့သည်လည်း သူတို့၏ကျွန်များကို ကြင်နာစွာ ဆက်ဆံရမည်ဖြစ်သည်။ အငယ် ၅-၉။